သာမန်ကလာဒုတိယတနင်္ဂနွေနေ့          ရှင်ယောဟန် ၁း၃၅-၄၂
သံယောဟန်ဗတ္တိစ္စတားက သခင်ယေဇူးကိုလက်ညှိုးထိုးပြပြီး
"ဘုရားရှင်၏သိုးငယ်တော်ကိုကြည့်ကြလော့" လို့ ပြောလိုက်တဲ့အခါ သံယောဟန် ဗတ္တိစ္စတားရဲ့
တပည့်တွေဖြစ်ကြတဲ့ အန္ဒြူးနဲ့ ယောဟန်တို့ကယဇူးရဲ့နောက်ကိုလိုက်သဌားကြပါတယ်။
ယောဟန်ဗတ္တိစ္စတားရဒ့အလုပ်ကလည်းလူတွကိုသခင်ယေဇူးထံပိုပေးဖို့ပါပဲ။
တပည့်တော််ပါးကိုယ်တော်နောက်ကိုလိုက်လာတာတွေ့တဲ့ယေဇူးဘုရားရှင်ကသူတို့ကိုမေးတယ်"ဘာ
အလိုရှိလို့လဲ" တဲ့။ မှန်ပါတယ်ကျနော်တို့လည်းယဇူးဘုရားရှင်ရဲ့နောက်ကိုလိုက်ကြတာဟာ
"ငါ့ဘာလိုချင်လို့လဲ"ဆိုတာကိုယ်ကိုမးကြည့်ဖို့နောက်တော်ကိုလိုက်ပြီခရစ္စယာန်တယာက်ဖြစ်လာတာက
ဘာရည်ရွယ်ချက်လည်းဆိုတာကိုယ်ကိုယ်ကိုရှင်းဖို့လိုပါတယ်။
ဘုရားရဲ့ဘုန်းဂုဏ်တော်အတွက်လားကိုယ်ရဲ့ဂုဏ်အတွက်ပဲလားဆိုတာသိရပါမယ်။
နောက်တော်ကိုလိုက်ကြတဲတပည့််ယယက်က ကိုယ်တော်ကိုစိတ်ဝင်စားပြီး "
ကိုယ်တော်ဘယ်မှာနေတာလဲ" ဆိုပြီးမိတ်ဆက်ပါတယ်။ ဒီအခါယေဇူးဘုရားရှင်က" ဘယ်မှာတွေ့တယ်"
လို့ ပါးစပ်ပြာ အပြောနဲ့ပဲ မပြီးပဲနဲ့ လက်တွေ့လာကြည့်ခိုင်းပါတယ်။
လက်တွေ့သူသူနဲ့အတူလာနေခိုင်းပါတယ်။  ယနေ့ကျနော်တိုခရစ္စယာန်တွေကသခင်ယေဇူးကိုစာတွေ့နဲ့
ပဲသိတာလား။
ကိုယ်တွေ့နဲ့သိတာမျိုးမဖြစ်ချင်ကြဘူးလား။တပည့်တော်ကြီးေတွကသခင်ယေဇူးကို ကိုယ်
တွေ့နဲသိကြလို့သူတို့မှာဝမ်းမြောက်ကြတယ် အားတက်ကြတယ်။
တရားတော်အတွက်ဟောပြောချင်ကြတယ်။ ကျနော်တို့က တော့သခင်ယေဇူးကိုစာ
တွေ့နဲ့ပဲသိကြတယ်။ ဘုရားစကားအသိနဲ့ပဲသိကြတယ်။ ဒါကြောင့်ကျနော်တို့ကတပည့်တော်ကြီး
တွေလောက်သခင်ယေဇူးကိုထိတွေ့ခံစားမှုမျိုးမရှိကြပါဘူး။ ဒါကြောင့်တပည့်တော်ကြီး
တွေလောက်မပျော်ကြဘူး။ တပည့် တော််ပါးကသခင်ယေဇူးကို "
ကိုယ်တော်ဘယ်မှာနေတာလဲ"  လို့မေးသလို ကျနော်တို့ကိုလည်း " ဘုရားဘယ်မှာရှိသလဲ" လို့မေးရင်
ကျနော်တို့ကဘုးစကားအသိအတိုင်း " ဘုရာသခင်သည် နေရာတိုင်းမှာရှိတော်မူ၏"  လို့ပြန်ဖြေကြမှာပါ။
ကျနော်တို့သင်ထားတဲ့အယူဝါဒအတိုင်းအလွတ်ကျက်ထားတဲ့အတိုင်းပြန်ဖြေနိုင်ပါတယ်။
ဒါဆိုရင်ဘုရားသခင်ကနရာတိုင်းမှာလည်းရှိတယ်လည်းပြာသေးတယ် သင်က
ဘုရားကိုမတွေ့ကြုံမခံစားရဘူးလား။ အဲဒီလိုမတွေ့ကြုံ မခံစာရဘူးဆိုရင် "
ဘုရားသခင်သည်နရာတိုင်းမှာရှိတယ်" ဆိုတဲ့အဆိုက ဘာအဓိပ္ပါယ်ရှိသေးလည်း။ အထူးသဖြင့်
ကျနော်တို့ကက်သလစ်ခရစ္စယာန်တွေက ဘုရားနဲ့ထိ
တွေ့ခံစာမိဖို့တော်တော်လိုပါသေးတယ်။ဘာမျှမထိတွေ့ မခံစားရလို့

ဘုရားကျောင်းတက်ရတာမပျော်ကြတာပါ။ ဆုတောင်းကြဖို့စိတ်မပါကြတာပါ။ ဘုရားနဲ့လက်တွေ့ထိ
တွေ့ခံစားမှုရှိဖို့သင်ကြားပေးကြားပေးဖို့လိုအပ်လှပါတယ်။ ဘုရားစကားအသိနဲ့ပဲ ပထမကိုယ်မြတ်
ရခဲကြတယ်။ စာတွေ့  နဲ့ပဲခရစ္စမားခဲယူခဲကြတယ်။ ဘုရားစကားအတန်းက
သင်ထားတဲ့ဆုတောင်းမေတ္တာတွေနဲ့ပဲ အလွတ်ကျက်ပြီးကျေနပ်နေကြတယ်။ ကိုယ်ရင်ထဲက
ခံစာရတဲစကားလုံးတွေနဲဘုရားကိုစကားမပြောတက်ကြဘူး။ ကျနော်တို့ဟာ ဘုရားသခင်ရဲ
ဒါရိုက်သားသမီး တွေဖြစ်တယ်။ ဘုရားသခင်နဲ့ဒါရိုက်ထိ တွေ့ခံစာမိဖို့လို့တယ်။ အခုတော့
အဲဒီလိုဒါရိုက် မထိ တွေ့လို့ပဲ လူငယ်တယောက်ကိုမေးလိုက်ရင် "
မင်းကသခင်ယေရှုးကိုဘာလို့ယုံကြည်တာလဲ" လို့မေးရင်သူက " အမေကပြောလိုယုံကြည်တာပါ"
လို့ဖြေလိပ်မယ်။ ဒီအခါ အမေကိုထပ်မးကြည့် မယ် " အမေခင်ဗျာက သခင်ယေရှုးကို
ဘာဖြစ်လို့ယုံကြည်တာလဲ"  လို့မေးကြည့်တဲ့အခါ အမေက " ဘုရားကျောင်းထဲမှာ ဘုန်းကြီးက
ယုံကြည်ဖို့ ပြောလို့ပါ"တဲ့။ ဒါနဲ့
အဲဒီဘုန်ကြီးကိုလိုက်မေးကြည်တယ်။  "ကိုယ်တော်တပည့်တော်တို့ကဘာဖြစ်လို့ သခင်ယေရှူး ကို
ယုံကြည်ရတာလဲ"လို့မေးတော့ ဘုန်ကြီးကပြန်ဖြေတယ်။ "
ရဟန်းမင်းကြီးကအဲ့လိုပဲဟောပြာခိုင်"လိုတဲ့။  ကိုယ် ကိုယ်ကိုယ် ဘုရားနဲ့ ထိတွေ့ခံစားရလို ကိုယ်
ကိုယ်ကိုယ် အသေအချာ ထိတွေ့ခံစားရလို့ ကိုယ် ကိုယ်တိုင်က ယုံကြည်တာမျိုုဖြစ်သင်တာပေါ့။
ယနေ့ဖတ်ရတဲ့ကျမ်းစာထဲကအတိုင်း သခင်ယေရှူးက တပည့်တော် ၂ပါးကို
ဘုရားအကြောင့်သင်တန်းပို့ချသလိုစာတွေ့နဲ့သိစတာမဟာတ်ပဲ ဘုရားနဲ့ အတူနေလို
ဘုရားနဲ့နတိုင်းထိတွေ့ ခံစားရလို့တပည့်တာ်ကြီး
တွေဘယ်လို့ပြောင်းလဲသွားသလဲဆိုတာစဉ်စားကြည့်ပါ။ ကျနော်တို့ ကက်သလစ်ခရစ္စ်ယာန် တွေမှာ
သတိကြီးကြီးထားရတော့မယ်။ ကျနော်တို့မှာ အယူဝါဒ အသိနဲ့ပဲ ဘုရားကိုရှင်ခိုးကိုးကွယ်နလို့ဘယ်မျှ
မထိတွေ မခံစားရလို့ ဘုရာကျောင်းတက်ရတာလည်းပျင်းစရာကြီးဖြစ်လာကြတယ်။
နောက်ဆုံးဘုရားကျောင်းမတက်ချင်ကြတော့ဘူး။ ဘာဖြစ်လို့လည်းဆိုတာ့ ဘုရားကို ကိုယ်တိုင်
မထိတွေ့မခံစားမိကြလို့ပါပဲ။ ဘုရားအကြာင်း အယူဝါဒတွေကိုသိတယ် အလွတ်ရတယ်။ ဒါပေမဲ့ဘုရား နဲ့စိမ်း
နေသေးတယ်။ အယူဝါဒတွေကိုယုံကြည်တာထက် ဘုရားဆိုတဲ့ပုဂ္ဂိုလ်ကိုယုံကြည်ဖို့က ပိုအဓိကကျတာပေါ့။
ဥပမာ ကျနောါသူငယ်ချင်းက " မင်းဆီးချိုပျောက်ချင်ရင် ဒါသောက် ဒီလိုစား" ဆိုပြီးကျနာ်ကိုလာပြောပြရင်
သူကကျနာ်ကိုလိမ်ပြာမည့်သူ မဟုတ်ဘူးဆိုတာ ကျနော်သိပါတယ်။ သူပြောတာမှား ချင်မှား မယ်ပေါ့
ဘာဖြစ်လို့လည်းဆိုတာ့သူကဆကာဝန်လိုဗဟုသုတရှိတဲ့သူမှာ မဟုတ်တာပဲ။ အကယ်၍
ဆီချိုသမားတော်ကြီးက ပြောတယ်ဆိုရင်တာ့ယုံကြည်စိတ်ချပြီးလိုက်နာမှာပါပဲ။ဒါကြောင့်ပြောတဲ့အရာကို
ယုံဖိုထက် ပြောတဲ့ပုဂ္ဂိုလ် ကိုယုံဖို့က အဓိကကျပါတယ်။ အဲဒီပုဂ္ဂိုလ်ကိုထိတွေ့ခံစားမိမှ ကိုယ်ယုံတာတွေ

အသက်ပါမှာပါ။ တချို့ကက်သလစ်ခရစ္စ်ယာန်တွေက ပုဂ္ဂိုလ်ဆိုတဲ့ဘုရားနဲ့ ထိတွေ့ခံစားရတာကအရေးမကြီးပါဘူး။ ဘုရား ဟော ပြောထား တဲ့ပညတ်တော်တွေကို လိုက်နာပြီး ကောင်းကင်ဘုံရောက်ဖို့ကအရေးအကြီးဆုံးပဲလို့ပြောကြပါတယ်။ ဘုရားကိုမချစ်ဘူးဆိုရင်ပညတ်တော်တွေလိုက်နာရတာဝန်ထုတ်ဝန်ပိုးလိုပဲ ဖြစ်နေလိမ့်မယ်။ ဘုရားကိုချစ်တဲ့သူဆိုရင် ပညတ်တော်တွေကိုလိုက်နာရတာ ပျော်ပျော် ရွှင်ရွှင် နဲ့လိုက်နာတော့မယ်။ ကျနော်တို့ ကက်သလစ်ခရစ္စ်ယာန်တွေက ကောင်းကင်ဘုံရောက်ချင်လို့သာပညတ်တော် တွေကိုကျိုးစားပမ်းစားလိုက်နာနေကြတာ ဝန်ထုတ်ဝန်ပိုးထမ်းရသလိုဖြစ်နတယ်။ တကယ်တမ်းဘုရားကိုချစ်တယ်ဆိုရင်၊ တကယ်တမ်းဘုရားနဲ့ ထိတွေ့ခံစားရရင် ဝမ်းမြောက်ဝမ်းသာစွာနဲ့ ပညတ်တော် တွေကိုလိုက်နာကြတာ့မယ်။ ဒါကြောင့် ယေဇူးဘုရားရှင် မိန့်တော်မူတာက " အကြင်သူသည်ငါ့ကိုချစ်လျှင်ငါ၏ ပညတ်တော်များကိုစောင့်ထိန်းလိမ့်မည်" တဲ့။ ဒါပေမဲ့ ပြန်စဉ်းစားနာ် နာခံတိုင်ချစ်တယ်လို့မယူဆနဲ့။ ( ဥပမာ) အလုပ်သမားက အလုပ်ရှင်ကို နာခံတာက ပလုပ်သမားကအလုပ်ရှင်ကို ချစ်လိုနာခံတာများထင်သလယး။ ရွေးစရာလမ်းမရှိလို့ပါ။ စစ်သားက စစ်ဗိုလ်နာခံတာက စစ်သားက စစ်ဗိုလ်ကိုချစ်လို့နာခံတာလိုဘများထင်နသလား။ မနာခံရင်အရိုက်ခံရမှာပေါ့ ရွေးစရာလမ်းမရှိလို့ပါ။ အခုသင်ကဘုရားကိုနာခံတယ်ဆိုတာကလည်း ဘုရားကိုချစ်လို့မှဟုတ်ရဲလား။ ရွေးစရာလမ်းမရှိလို့များလား။ ဒါကြောင့် ဘုရားကိုလက်တွေ့ချစ်ဖို့က အရေးအကြီးဆုံးပါပဲ။ သခင်ယေဇူးနဲ့ အတူနေတဲ့ တပည့်တော်ကြီးတွလို ဘုရားနဲ့ ထိတွေ့ ခံစားမှုရှိမှ ကျနော်တို့ရဲ့ယုံကြည်ခြင်းဟာ အသက်ဝင်မှာပါ့။ ကြည့်ပါလား ရှင်ပေါလူးဟာခရစ္စ်ယာန် တွေဖမ်းဖို့ဒါမာစကူးမြို့အဝင်လမ်းမှာမြင်းပေါ်ကကျပြီး ယေဇူးဘုရားရှင်နဲ့ ထိတွေ့စကားဟုခဲ့တဲ့ အတွေ့အကြုံကြောင့် ရှင်ပေါလူးဘဝတလျှောက်လုံး ဘာဒုက္ခပဲကြုံ ကြုံ ယေဇူးဘုရားနဲ့ ထိတွေ့ခဲ့တဲ့ အတွေ့ အကြုံကြောင့် ဒုက္ခခံထမ်းနိုင်တယ်။ စိတ်မပျက်ပဲကျော်လွှားနိုင်တယ် မဟုတ်ဘူးလား။ သူကဒုက္ခ တွေ့ကြုံလာတိုင်ဒါမာစကူး မြို့အဝင်လမ်းမှာ ယေဇူးဘုရားရှင်နဲ့ ထိတွေ့ခဲ့တဲ့ အတွေ့အကြုံကိုပြန်စဉ်စားမိတယ်။ ဒီအတွေ့အကြုံးကသူတသက်လုံးကိုဝမ်းမြာက်ဝမ်းသာစေတယ်။ ကျနော်တို့ ခရစ္စရစ္စ်ယာန် တွေလည်း ဘုရားကို စာတွေ့နဲ့ပဲသိရတာမဟုတ်ပဲ လက်တွေ့ တွေ့ကြုံခံစားမိအောင် နေ့စဉ်နှင့်အမျှ ဘုရားနဲ့ချိတ်ဆက်ပါ။ ဆုတောင်းပါ သင့်ရင်ထဲ့မှ စကား တွေနဲ့ ဘုရားသခင်ကိုစကာ ပြောပါ။ ဘုရားက သင့်အနားမှာ ရှိတယ်ဆိုတာ ထိတွေ့ခံစားမိလာပါလိမ့်မယ်။ နာစဉ်သူအားလုံးအပါဘုရားသခင် ကောင်းကြီးမင်္ဂလာများးခံစားကြရပါစ။